# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

ခုံအဖွဲ့

၂၀၁၄ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၂၄/၂၀၁၄)

| | |
|---|---|
| ဦးမြင့်သန်း(အလုပ်ရှင်)<br>ရွှေလရောင်သံရည်ကျိုစက်ရုံ အမှတ်(၂)၊<br>အမှတ်(၃၁/က)၊ မြောင်းတကာစက်မှုဇုန်၊<br>မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| မောင်သန့်ဇင်ဦး ပါ(၁၃)ဦး<br>ဦးစောမောင်ပါ(၁၅)ဦး၊<br>ရွှေလရောင်သံရည်ကျိုစက်ရုံအမှတ်(၂)၊<br>တန်စားအလုပ်သမားများ။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာစက်မှုဇုန်၊ အမှတ်(၃၁/က)ရှိ ရွှေလရောင်သံရည်ကျိုစက်ရုံ အမှတ်(၂)ပိုင်ရှင် ဦးမြင့်သန်းနှင့် အလုပ်သမားမောင်သန့်ဇင်ဦးပါ(၁၃)ဦး၊ အလုပ်သမား ဦးစောမောင်ပါ(၁၅)ဦးတို့အကြားဖြစ်ပွားသည့် အငြင်းပွားမှုကို မှော်ဘီမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဖျန်ဖြေပေးခဲ့သော်လည်း နှစ်ဖက်ပြေလည်မှုမရရှိခဲ့သည့်အတွက် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့မှ စစ်ဆေးဆုံးဖြတ်ပေးနိုင်ရန် အမှုကိုလွှဲအပ်ခဲ့သည်။

၂။ အဆိုပါအငြင်းပွားမှုကို ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အမှုအမှတ်(၃၆/၂၀၁၄) အဖြစ်ကြားနာစစ်ဆေးပြီး (၂၄-၇-၂၀၁၄)ရက်နေ့တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ထိုဆုံးဖြတ်

ချက်အပေါ် အလုပ်ရှင်ကမကျေနပ်ဟုဆိုကာ ခုံသမာဓိကောင်စီသို့ ဆက်လက်တင်ပြလျှောက် ထားခဲ့သည့်အတွက် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့က အမှုအမှတ်(၂၄/၂၀၁၄)အဖြစ် ကြားနာစစ်ဆေး ဆုံးဖြတ်ခဲ့ရခြင်း ဖြစ်ပေသည်။

၃။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အငြင်းပွားမှုအကြောင်းခြင်းရာများနှင့် ဖြစ်စဉ်တို့ကို အသေးစိတ်စိစစ်လေ့လာခဲ့သည့်အပြင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ မှတ်တမ်းများ၊ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့ရှေ့မှောက်တွင် နှစ်ဖက်ထွက်ဆိုပြောကြားချက်များစသည်တို့အပြင် အလုပ်ရှင်နှင့်အလုပ်သမားတို့က တင်ပြထားသည့်အထောက်အထားများကိုပါ စိစစ်လေ့လာပြီး အောက်ပါကောက်ချက်ကို ရေးဆွဲချမှတ်ခဲ့သည် -

ကောက်ချက်။ ။ရွှေလရောင်သံရည်ကျိုစက် အမှတ်(၂)၏ အလုပ်ရှင်ဖြစ်သူသည် အလုပ်သမား(၂၈)ဦးတို့အတွက် နို့တစ်ကြေးနှင့် နစ်နာကြေးပေးရန်တာဝန်ရှိ/မရှိ။

၄။ အထက်ဖော်ပြပါကောက်ချက်နှင့်စပ်လျဉ်းပြီး စဉ်းစားဆုံးဖြတ်နိုင်ရန် ခုံအဖွဲ့၏လက်ဝယ်၌ရရှိထားပြီးဖြစ်သည့် အချက်အလက်များအပြင် အခြားအထောက်အကူဖြစ်စေမည့် အချက်အလက်များ ထပ်မံရရှိနိုင်ရန်အတွက် (၁၉-၈-၂၀၁၄) ရက်နေ့တွင် နှစ်ဖက်အငြင်းပွားသူများကို ခုံအဖွဲ့ရှေ့မှောက်သို့ ခေါ်ယူ၍ စစ်ဆေးမေးမြန်းပြီး ထွက်ဆိုချက်များရယူခဲ့သည်။

<u>လေ့လာတွေ့ရှိချက်</u>

၅။ အလုပ်ရှင်က ယခုအငြင်းပွားမှုတွင်ပါဝင်သည့် အလုပ်သမား(၂၈)ဦး၊ { မောင်သန့်ဇင်ဦးပါ(၁၃)ဦးနှင့် ဒေါ်ဦးစောမောင်ပါ(၁၅)ဦး } တို့ကိုတန်စား/ပုတ်ပြတ်သံရည်ကျိုအလုပ်သမားများအဖြစ်ခန့်ထားလုပ်ကိုင်ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ အလုပ်ရှင်က ထိုအလုပ်သမားများကို တစ်လချင်းစာချုပ်ဖြင့် ခန့်ထားသည်ဟုဆိုသော်လည်း ယခုအငြင်းပွားမှုတွင်ပါဝင်သည့် အချို့အလုပ်သမားများမှာ လုပ်သက်(၃)လမှလုပ်သက်(၁)နှစ်ကျော်သူများလည်းရှိသည့်အတွက် ၎င်းတို့ကို တစ်ဆက်တည်းခန့်ထားလုပ်ကိုင်သည့်သဘောပင်ဖြစ်ပေသည်။

၆။ ဦးမြင့်သန်းသည် စက်ရုံကိုငှားရမ်း၍ လုပ်ငန်းလုပ်ကိုင်သူဖြစ်ပြီး ၎င်းသည်အလုပ်သမားများကို လုပ်ခပေးရန်တာဝန်ရှိသည့် ပုဂ္ဂိုလ်ဖြစ်ပေသည်။ ယခုအငြင်းပွားမှုဖြစ်ပွားရခြင်း၏ အဓိ

ကအကြောင်းအ ရင်းမှာ သံရည်ကျိုပစ္စည်းများထုတ်လုပ်ရာ၌ သတ်မှတ်စံချိန်စံညွှန်းမပြည့်မီသည့် ကုန်ပစ္စည်းများအတွက် အလုပ်သမားများ၏ လုပ်ခကိုဖြတ်တောက်သည့် ကိစ္စမှစတင်ခဲ့သည်။

၇။ အလုပ်သ မားများသည် ၎င်းတို့၏တန်စားလုပ်ခဖြတ်တောက်ခြင်းနှင့် ပတ်သက်ပြီးနှုန်းထားကိစ္စအတွက် အလုပ်ရှင်နှင့် ညှိနှိုင်းရန်ဟုဆိုကာ (၂၉-၅-၂၀၁၄)ရက်နေ့တွင် စက်လည်ပတ်နေစဉ်ကာလအတွင်း သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များထံမှ ခွင့်ပြုချက်တောင်းခံခြင်းမပြုဘဲ စက်ကိုရပ်တန့်ခဲ့သည်ဟုဆိုသည်။ ထိုနေ့ထိုရက်သည်တစ်လစာချုပ်သက်တမ်းမကုန်ဆုံးသေးမီ (၃) ရက်အလိုတွင်ဖြစ်သည်။ ထိုသို့စက်ကိုရပ်တန့်ပြီး စံချိန်မမီသည့်ပစ္စည်းများအတွက် လုပ်ခဖြတ်တောက်သည့်ကိစ္စအပေါ် မန်နေဂျာ ဦးသိန်းဇော်အားတင်ပြခဲ့ရာ ဦးသိန်းဇော်ကအလုပ်သမားများ၏တင်ပြချက်ကိုလက်မခံသည့်အပြင် အလုပ်မှပင်ထုတ်ပယ်ခဲ့ကြောင်း ထွက်ဆိုပြောကြားခဲ့ကြသည်။ ဦးသိန်းဇော်ကလည်း ၎င်းအနေဖြင့် အလုပ်သမားများကို အလုပ်ထုတ်သည်ဟုပြောကြားခြင်းမပြုခဲ့ကြောင်း၊ စာချုပ်သက်တမ်းကုန်ဆုံးရန် ရက်ပိုင်းမျှသာလိုတော့သည့်အတွက် ဆက်လက်လုပ်ကိုင်ရန်ပြောကြားသော်လည်း အလုပ်သမားများကိုယ်တိုင်က မလုပ်ကိုင်လိုတော့ဟု ပြောကြားခဲ့ခြင်း သာဖြစ်ကြောင်း ထွက်ဆိုထားသည်ကို တွေ့ရှိရပြန်သည်။

၈။ အချင်းဖြစ်ပွားသည့် ထိုနေ့(၂၉-၅-၂၀၁၄)ရက်နေ့ညနေပိုင်းတွင် အလုပ်သမားများက မြို့နယ်အလုပ်သမားရုံးသို့ သွားရောက်တိုင်ကြားခဲ့ကြသည်ကို တွေ့ရှိရသည်။ အဆိုင်းခေါင်းဆောင်နှစ်ဦးဖြစ်သည့် ကိုသန့်ဇင်ဦးနှင့် ဦးစောမောင်တို့နှစ်ဦးက မှော်ဘီမြို့နယ် အလုပ်သမားရုံးသို့ လိပ်မူပေးပို့သည့် (၂၉-၅-၂၀၁၄) ရက်စွဲပါတိုင်ကြားစာအရ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ညှိနှိုင်းပေးခဲ့ရသည့် အလုပ်သမားများ၏ တောင်းဆိုချက်(၂)ရပ်တို့မှာ လုပ်ခဖြတ်တောက်ခံရခြင်းနှင့် အလုပ်မှထုတ်ပယ်ခံရခြင်းတို့ပင်ဖြစ်သည်။ အလုပ်ထုတ်ပယ်ခံရကြောင်း တောင်းဆိုမှုသည် (၂၉-၅-၂၀၁၄) ရက်နေ့၌ပင် ဖြစ်ပွားပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်ကိုတွေ့ရှိရသည်။

<u>သုံးသပ်ချက်</u>

၉။ အလုပ်ရှင်က ဖော်ပြပါအလုပ်သမားများသည် တန်စား/ပုတ်ပြတ် အလုပ်သမားများဖြစ်ကြောင်း၊ ၎င်းတို့ကို လစဉ်စာချုပ်ဖြင့် ငှားရမ်းလုပ်ကိုင်ခြင်းဖြစ်ကြောင်း၊ ယခုအခါ စာချုပ်သက်တမ်းကုန်ဆုံးပြီဖြစ်၍ ၎င်းတို့ကိုဆက်လက်စာချုပ် ချုပ်ဆိုမငှားရမ်းခြင်းသာဖြစ်ကြောင်း၊ အလုပ်

မှထုတ်ပယ်ခြင်း မဟုတ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့အားနစ်နာကြေးတစ်စုံတစ်ရာပေးရန် မလိုကြောင်း တင်ပြကြသည်။

၁၀။ အလုပ်ရှင်ဘက်မှ တင်ပြထားသည့်အလုပ်သမားငှားရမ်းမှုသဘောတူစာချုပ်(၂၀၁၄ ခုနှစ်၊ မေလ ၃ ရက်။ ပူးတွဲပါ)သည် တည်ဆဲဥပဒေစည်းမျဉ်းစည်းကမ်းများအရ သတ်မှတ်ထားသည့် အလုပ်ခန့်ထားမှု ဆိုင်ရာသဘောတူစာချုပ်(Employment Contract)နှင့် ညီညွတ်ခြင်းမရှိပေ။ ထို့ကြောင့် ထိုစာချုပ်၏အကျိုးသက်ရောက်မှုမှာ မေးခွန်းထုတ်စရာရှိနေပေသည်။

၁၁။ အလုပ်သမားများက စံချိန်မမီသည့် သံရည်ကျိုပစ္စည်းများအတွက် လုပ်ခဖြတ်တောက်သည့်ကိစ္စ၊ မန်နေဂျာ ဦးသိန်းဇော်ထံတင်ပြရန် ရှိနေသည့်အတွက် ၎င်းတို့သဘောအလျောက်စက်ကိုခေတ္တရပ်ပြီး ဦးသိန်းဇော်နှင့် တွေ့ဆုံညှိနှိုင်းခဲ့ကြရာ နှစ်ဖက်ပြေလည်မှုမရရှိခဲ့ကြပေ။ထို့ကြောင့် ထိုနေ့ (၂၉-၅-၂၀၁၄) ရက်နေ့ညနေတွင် အလုပ်သမားများက မြို့နယ်အလုပ်သမားရုံးသို့သွား၍ လုပ်ခဖြတ်တောက်သည့် ကိစ္စ၊ အလုပ်ထုတ်ပယ်ခံရသည့်ကိစ္စများကို သွားရောက်တိုင်ကြားခဲ့ကြခြင်းဖြစ်ရာ အလုပ်သမားများက တိုင်ကြားရန်အကြောင်းရှိ၍သာ တိုင်ကြားခဲ့ကြခြင်းဖြစ်ပေသည်။

၁၂။ ယခုအငြင်းပွားမှုတွင် ပါဝင်သည့်တန်စား/ပုတ်ပြတ် အလုပ်သမားများကို အခြားလစား၊ နေ့စား၊ ပုံသေလုပ်ခစား အစရှိသည့်လုပ်သားများနှင့် ခွဲခြားရန်မသင့်ပေ။ ၎င်းတို့အားလုံးသည် လုပ်သက် ၃ လမှ တစ်နှစ်ကျော်အထိရှိကြသူများဖြစ်သည့်အပြင် လုပ်ငန်းခွင်အတွင်း၌ စက်ရုံစီမံအုပ်ချုပ်မှု ကြီးကြပ်မှုအောက်တွင်ရှိနေကြသူများဖြစ်ပေသည်။ ထိုအလုပ်သမားများက လုပ်ခဖြတ်တောက်မှုကိစ္စအတွက်တင်ပြတောင်းဆိုခြင်းကိုအကြောင်းပြု၍အလုပ်ရှင်က၎င်းတို့ကို ဆက်လက်စာရင်းသွင်းချုပ်ဆိုငှားရမ်းခြင်းမပြုတော့သည်မှာ အလုပ်သမားများကို အလုပ်မှထုတ်ပယ်ခြင်း(Dismissal)မဟုတ်ဟုငြင်းဆိုစေကာမူတကယ်တန်းအားဖြင့်အလုပ်သမားများကို အလုပ်မှရပ်စဲလိုက်ခြင်း(Termination)ပင်ဖြစ်ပေသည်။

၁၃။ ယခုကဲ့သို့ အလုပ်သမားများ အလုပ်မှရပ်စဲခံရမှုနှင့်စပ်လျဉ်း၍ လူမှုရေးရှုထောင့်မှ ကြည့်ရှုသင့်သည့်အပြင် အလုပ်ရှင်နှင့် အလုပ်သမားနှစ်ဦးနှစ်ဖက်တို့အတွက် မျှတမှုရှိစေရန်ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပေသည်။ မည်သို့ပင်ဆိုစေကာမူ ဤခုံသမာဓိကောင်စီ ခုံအဖွဲ့သည်

ဤအငြင်းပွားမှုနှင့်စပ်လျဉ်းပြီး တည်ဆဲအလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပါ ပုဒ်မ ၂၁ အရ အပ်နှင်းထားသည့်တာဝန်ဝတ္တရားများနှင့်အညီ သီးခြားလွတ်လပ်ပြီး ဘက်လိုက်မှုကင်းရှင်းစွာ စဉ်းစားဆုံးဖြတ်ရမည်သာဖြစ်ပေသည်။

<u>ဆုံးဖြတ်ချက်</u>

၁၄။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ်(၃၆/၂၀၁၄)အပေါ် ချမှတ်ခဲ့သည့် (၂၄-၇-၂၀၁၄) ရက်စွဲပါဆုံးဖြတ်ချက်ကို အောက်ပါအတိုင်းပြင်ဆင်ဆုံးဖြတ်လိုက်သည် -

အလုပ်ရှုံးသည် ပူးတွဲစာရင်းပါ အလုပ်သမား (၂၈)ဦးတို့အားအလုပ်မှရပ်စဲခဲ့သည့်အတွက် နစ်နာကြေးပေးရန် တာဝန်ရှိသည့်အားလျော်စွာ အလုပ်သမားများ လုပ်ငန်းခွင်တွင် နောက်ဆုံးလုပ်ကိုင်ခဲ့သည့် ၂၀၁၄ ခုနှစ်၊ မေလ တွင်မိမိတို့ထုတ်လုပ်ခဲ့သည့် သံ(၁၉၅၄၀၂) ပိဿာအတွက် စုစုပေါင်းလုပ်အားခငွေ ၂၇၃၅၆၂၈ကျပ် အပေါ်တွင် အခြေပြု၍အလုပ်သမားတစ်ဦးချင်း အလိုက်ရရှိသည့် တစ်လ ပျမ်းမျှလုပ်ခငွေ ၉၇၇၀၀ကျပ်ဖြင့် အလုပ်သမားတစ်ဦးချင်းအတွက် နို့တစ်ကြေးတစ်လစာနှင့် အလုပ်ရပ်စဲမှုအတွက် နစ်နာကြေးတစ်လစာ၊ ပေါင်းနှစ်လစာကိုပူးတွဲပါ ဇယားအရပေးရမည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသောနေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၅။ အထက်ပါဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်းပေးရမည်။ အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ပုဒ်မ ၂၉ အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

| | | |
|---|---|---|
| ဦးသန့်အောင် | ဦးအေးငွေ | ဦးရဲနိုင်ဝင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

### ခုံသမာဓိကောင်စီ
### ခုံအဖွဲ့
### အငြင်းပွားမှုအမှတ်(၂၄/၂၀၁၄)
### <u>ဆုံးဖြတ်ချက်၏ ပူးတွဲဇယား</u>

| စဉ် | အမည် | နို့တစ်ကြေး(၁)လစာ | အလုပ်ရပ်စဲမှုနစ်နာကြေး | စုစုပေါင်း |
|---|---|---|---|---|
| ၁ | ဦးသန့်ဇင်ဦး | ၉၇၇၀၀ိ/- | ၉၇၇၀၀ိ/- | ၁၉၅၄၀၀ိ/- |
| ၂ | ဦးရဲထွန်း | ၉၇၇၀၀ိ/- | ၉၇၇၀၀ိ/- | ၁၉၅၄၀၀ိ/- |
| ၃ | ဦးသက်နိုင်ဦး | ၉၇၇၀၀ိ/- | ၉၇၇၀၀ိ/- | ၁၉၅၄၀၀ိ/- |
| ၄ | ဦးရန်နိုင်စိုး(၁) | ၉၇၇၀၀ိ/- | ၉၇၇၀၀ိ/- | ၁၉၅၄၀၀ိ/- |
| ၅ | ဦးစည်သူအောင် | ၉၇၇၀၀ိ/- | ၉၇၇၀၀ိ/- | ၁၉၅၄၀၀ိ/- |
| ၆ | ဦးဇော်မင်းထွန်း | ၉၇၇၀၀ိ/- | ၉၇၇၀၀ိ/- | ၁၉၅၄၀၀ိ/- |
| ၇ | ဦးတင်ဝင်းထွန်း | ၉၇၇၀၀ိ/- | ၉၇၇၀၀ိ/- | ၁၉၅၄၀၀ိ/- |
| ၈ | ဦးအောင်ဆန်းလင်း | ၉၇၇၀၀ိ/- | ၉၇၇၀၀ိ/- | ၁၉၅၄၀၀ိ/- |
| ၉ | ဦးရဲထက် | ၉၇၇၀၀ိ/- | ၉၇၇၀၀ိ/- | ၁၉၅၄၀၀ိ/- |
| ၁၀ | ဦးကျော်ဝင်း | ၉၇၇၀၀ိ/- | ၉၇၇၀၀ိ/- | ၁၉၅၄၀၀ိ/- |
| ၁၁ | ဦးရန်ပိုင် | ၉၇၇၀၀ိ/- | ၉၇၇၀၀ိ/- | ၁၉၅၄၀၀ိ/- |
| ၁၂ | ဦးမျိုးနိုင် | ၉၇၇၀၀ိ/- | ၉၇၇၀၀ိ/- | ၁၉၅၄၀၀ိ/- |
| ၁၃ | ဦးဝေချမ်းသာ | ၉၇၇၀၀ိ/- | ၉၇၇၀၀ိ/- | ၁၉၅၄၀၀ိ/- |
| ၁၄ | ဦးစောမောင် | ၉၇၇၀၀ိ/- | ၉၇၇၀၀ိ/- | ၁၉၅၄၀၀ိ/- |
| ၁၅ | ဦးအေးကျော် | ၉၇၇၀၀ိ/- | ၉၇၇၀၀ိ/- | ၁၉၅၄၀၀ိ/- |
| ၁၆ | ဦးမျိုး | ၉၇၇၀၀ိ/- | ၉၇၇၀၀ိ/- | ၁၉၅၄၀၀ိ/- |
| ၁၇ | ဦးမောင်ကို | ၉၇၇၀၀ိ/- | ၉၇၇၀၀ိ/- | ၁၉၅၄၀၀ိ/- |
| ၁၈ | ဦးအောင်ကျော်သူ | ၉၇၇၀၀ိ/- | ၉၇၇၀၀ိ/- | ၁၉၅၄၀၀ိ/- |
| ၁၉ | ဦးသိန်းရွှေ | ၉၇၇၀၀ိ/- | ၉၇၇၀၀ိ/- | ၁၉၅၄၀၀ိ/- |
| ၂၀ | ဦးဝင်းကိုလှိုင် | ၉၇၇၀၀ိ/- | ၉၇၇၀၀ိ/- | ၁၉၅၄၀၀ိ/- |
| ၂၁ | ဦးထွန်းထွန်းနိုင် | ၉၇၇၀၀ိ/- | ၉၇၇၀၀ိ/- | ၁၉၅၄၀၀ိ/- |
| ၂၂ | ဦးမောင်မျိုး | ၉၇၇၀၀ိ/- | ၉၇၇၀၀ိ/- | ၁၉၅၄၀၀ိ/- |
| ၂၃ | ဦးမျိုးမင်း | ၉၇၇၀၀ိ/- | ၉၇၇၀၀ိ/- | ၁၉၅၄၀၀ိ/- |
| ၂၄ | ဦးရန်နိုင်စိုး(၂) | ၉၇၇၀၀ိ/- | ၉၇၇၀၀ိ/- | ၁၉၅၄၀၀ိ/- |
| ၂၅ | ဦးနေလင်း | ၉၇၇၀၀ိ/- | ၉၇၇၀၀ိ/- | ၁၉၅၄၀၀ိ/- |
| ၂၆ | ဦးစည်သူအောင် | ၉၇၇၀၀ိ/- | ၉၇၇၀၀ိ/- | ၁၉၅၄၀၀ိ/- |
| ၂၇ | ဦးစန်းကြည် | ၉၇၇၀၀ိ/- | ၉၇၇၀၀ိ/- | ၁၉၅၄၀၀ိ/- |
| ၂၈ | ဦးမျိုးလှိုင်ဝင်း | ၉၇၇၀၀ိ/- | ၉၇၇၀၀ိ/- | ၁၉၅၄၀၀ိ/- |